# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၆ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ်(၃၄/၂၀၁၆)

| | |
|---|---|
| ဦးကျော်ဝင်း(ခ)ဦးလော်ဆန်<br>ရာရှင်းသံမဏိစက်ရုံ၊အမှတ်(၂၁၀)၊<br>မြောင်းတကာစက်မှုဇုန်၊ မှော်ဘီမြို့နယ်။ | လျှောက်ထားသူ |

နှင့်

| | |
|---|---|
| ဒေါ်ဖြူဖြူဝင်းပါ(၃)ဦး<br>ကွဲကူးလမ်း၊၆-ရပ်ကွက်၊<br>မြောင်းတကာစက်မှုဇုန်၊မှော်ဘီမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၆ ခုနှစ်၊ ဇွန် လ ၁ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ မြောင်းတကာစက်မှုဇုန်၊ အမှတ်-၂၁၀ရှိ ဦးကျော်ဝင်း(ခ) ဦးလောဆန် ပိုင်ဆိုင်သော ရာရှင်းသံမဏိစက်ရုံနှင့် အလုပ်သမား ဒေါ်ဖြူဖြူဝင်းပါ(၃)ဦးတို့အကြားဖြစ်ပွားသော အငြင်းပွားမှုကို မှော်ဘီမြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့မှ ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့သော်လည်း ပြေလည်မှုမရရှိသဖြင့် ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့ကအငြင်းပွားမှုအမှတ်(၄၂/၂၀၁၆)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၆ ခုနှစ်၊ ဧပြီလ ၂၉ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည်တောင်းဆိုသူများက တောင်းဆိုခြင်းခံရသူထံတွင် ဌာနပြောင်းရွှေ့လုပ်ကိုင်စေသဖြင့် မူလဌာနသို့ ပြန်လည်ခန့်ထားပေးရန်နှင့် မူလဌာနတွင် ပြန်လည်မခန့်ထားနိုင်ပါက နစ်နာကြေးပေးရန်တောင်းဆိုသည်မှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်အပေါ်တွင် ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုခြင်းခံရသူမှ အောက်ပါကောက်ချက်(၁)ချက်ပေါ်တွင်ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည်-

**ကောက်ချက်အမှတ်(၁)။** ချော်ထုဌာနမှ အထွေထွေဌာနသို့ အလုပ်သမား၏ဆန္ဒမပါဘဲ ပြောင်းရွှေ့လုပ်ကိုင်စေသဖြင့် အလုပ်သမားမှ ချော်ထုဌာနတွင် ပြန်လည်ခန့်ထားပေးရန်၊ မခန့်ပေးနိုင်ပါက နစ်နာကြေးပေးရန်၊ အမှန်အလုပ်လုပ်ခဲ့ရသော လုပ်ခလစာ ၁၃ရက်စာနှင့် ထမင်းဖိုးပေးရန် တောင်းဆိုခြင်းဖြစ်သည်။

**ဆုံးဖြတ်ချက်အမှတ်(၁)။** မဖြူဖြူဝင်းပါ (၃)ဦးတို့အား အောက်ဖော်ပြပါ နို့တစ်ကြေးနှင့် အလုပ်ရပ်စဲမှုနစ်နာကြေးထုတ်ပေးရန်နှင့် ၁-၃-၂၀၁၆ ရက်နေ့မှ ၁၃-၃-၂၀၁၆ ရက်နေ့အထိ အမှန်အလုပ်လုပ်ရက်အတွက် လုပ်ခလစာများနှင့် ထမင်းဖိုး ၁၂၀၀/- x ၁၃=၁၅၆၀၀/-စီကို အသီးသီးထုတ်ပေးရန် ဆုံးဖြတ်သည်။

| စဉ် | အမည် | နို့တစ်ကြေး | နစ်နာကြေး | စုစုပေါင်း |
|---|---|---|---|---|
| ၁ | မဖြူဖြူဝင်း (၁) | ၁၁၄၀၀၀/- | ၁၁၄၀၀၀/- | ၂၂၈၀၀၀/- |
| ၂ | မဖြူဖြူဝင်း (၂) | ၁၁၄၀၀၀/- | ၁၁၄၀၀၀/- | ၂၂၈၀၀၀/- |
| ၃ | မချိုချိုစန်း | ၁၀၉၀၀၀/- | ၅၄၅၀၀/- | ၁၆၃၅၀၀/- |

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏(၄၂/၂၀၁၆)ဆုံးဖြတ်ချက်အပေါ်တွင် ကျေနပ်မှုမရှိသဖြင့် ရာရှင်းသံမဏိစက်ရုံ၏ ပိုင်ရှင် ဦးကျော်ဝင်း (ခ) ဦးလောဆန်က ခုံသမာဓိကောင်စီသို့ အယူခံလျှောက်ထားလာသဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ခုံသမာဓိကောင်စီ အမိန့်ကြော်ငြာစာအမှတ်(၉/၂၀၁၆)ဖြင့် ခုံသမာဓိ ကောင်စီအမှုအမှတ်(၃၄/၂၀၁၆)အား ကြားနာစစ်ဆေးရန် ဥက္ကဋ္ဌ ဦးအောင်စံတင်၊ အဖွဲ့ဝင် ဦးဌေးအောင် နှင့် အဖွဲ့ဝင် ဒေါ်စန်းစန်းတို့ပါဝင်သည့် ခုံအဖွဲ့အား ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

၆။ ခုံအဖွဲ့မှ အမှုတွဲကို လက်ခံရရှိပြီးနောက် နှစ်ဖက်ထွက်ဆိုချက်များ၊ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့မှတ်တမ်း၊ ခုံသမာဓိအဖွဲ့နှင့် ခုံသမာဓိကောင်စီရှေ့မှောက် ထွက်ဆိုချက်မှတ်တမ်းများနှင့်

၁.၆.၂၀၁၆

တင်ပြလာသော စာရွက်စာတမ်း အထောက်အထားများအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်ရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

**ကောက်ချက်အမှတ်(၁)။** ချော်ထုဌာနမှ အထွေထွေဌာနသို့ အလုပ်သမား၏ဆန္ဒမပါဘဲ ပြောင်းရွှေ့လုပ်ကိုင်စေသဖြင့် အလုပ်သမားမှ ချော်ထုဌာနတွင် ပြန်လည်ခန့်ထားပေးရန်၊ မခန့်ပေးနိုင်ပါက နစ်နာကြေးပေးရန် သင့်/မသင့်။

**သုံးသပ်ချက်အမှတ်(၁)** ချော်ထုဌာနမှ အလုပ်သမား မဖြူဖြူဝင်းပါ (၃)ဦးအား စက်အစား ထိုးလိုက်သဖြင့် အထွေထွေဌာနသို့ ပြောင်းရွှေ့ရန် မန်နေဂျာမှ ခေါ်ယူဆွေးနွေးခဲ့ကြောင်း၊ မဖြူဖြူဝင်းပါ(၃)ဦးသည်လည်းပြောင်း ရွှေ့သည့်ဌာနတွင် ၃-၃-၂၀၁၆ ရက်နေ့မှ ၁၂-၃-၂၀၁၆ ရက်နေ့အထိ လုပ်ကိုင်ခဲ့ကြကြောင်း၊ ၁၄-၃-၂၀၁၆ ရက်နေ့တွင် မိမိတို့အား ဌာနပြောင်းရွှေ့သည့်ကိစ္စနှင့် ပတ်သက်၍ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေး အဖွဲ့သို့ တိုင်ကြားခဲ့ကြောင်း၊ ၁၄-၃-၂၀၁၆ ရက်နေ့မှ ၁၅-၃-၂၀၁၆ ရက်နေ့အထိ ခွင့်(၂) ရက်တိုင်ခဲ့ပြီး ၁၆-၃-၂၀၁၆ ရက်နေ့ ရုံးပြန် တက်သည့်နေ့တွင် ၎င်းတို့လက်မှတ်ထိုးသည့် နေရာ၌ ကြက်ခြေ ခတ်ထားသည်ကိုတွေ့ရှိ၍ မိမိတို့အား အလုပ်ထုတ်သည်ဟုယူဆပြီး အလုပ်မဆင်းတော့ကြောင်း၊ ၁-၃-၂၀၁၆ ရက်နေ့မှ ၁၃-၃-၂၀၁၆ ရက်နေ့အထိ လုပ်ခလစာနှင့် ထမင်းဖိုးကို ၅-၅-၂၀၁၆ ရက်နေ့တွင် အလုပ်ရှင်မှပေးချေ၍ မဖြူဖြူဝင်းပါ(၃)ဦး လက်ခံရရှိပြီးဖြစ် ကြောင်း၊ အလုပ်ရှင်မှလည်း မိမိတို့အလုပ်မှ ထုတ်ပယ်ခဲ့ခြင်း မဟုတ်သဖြင့် အလုပ်ပြန်လည်ခန့်ထားလိုခြင်းမရှိကြောင်း၊ မဖြူဖြူ ဝင်းပါ (၃)ဦးမှလည်း အလုပ်ပြန်လည် ဝင်ရောက်လုပ်ကိုင်ပါက အလုပ်ရှင်မှ အငြိုးထားမည်ကို စိုးရိမ်သဖြင့် ပြန်လည်လုပ်ကိုင် လိုခြင်းမရှိကြောင်း အသီးသီးထွက်ဆိုကြပါသည်။ ထို့ကြောင့် မဖြူဖြူဝင်းပါ (၃)ဦးအား အလုပ်ရှင်က အလုပ်မှထုတ်ပယ်ခဲ့ခြင်း မဟုတ်၍ နိုတစ်ကြေးပေးရန်မလိုအပ်ကြောင်း၊ သို့သော် ဤခုံအဖွဲ့ အနေဖြင့် အလုပ်ရှင်၊ အလုပ်သမား ရေရှည်အကျိုးစီးပွားကို ချိန်ဆ ကြည့်ရှု၍ လူမှုရေးအရ ငွေ့ညှာထောက်ထား၍ လုပ်သက်ခံစားခွင့် ပေးသင့်ကြောင်း သုံးသပ်တွေ့ရှိရပါသည်။

ဆုံးဖြတ်ချက်အမှတ်(၁)။ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ ၂၉-၄-၂၀၁၆ ရက်နေ့တွင် ချမှတ်ခဲ့သောအငြင်းပွားမှုအမှတ် (၄၂/၂၀၁၆) ဆုံးဖြတ်ချက်အမှတ် (၁)ကို အောက်ပါအတိုင်း ပြင်ဆင်ဆုံးဖြတ်လိုက်သည်။

| စဉ် | အမည် | ခံစားခွင့် | စုစုပေါင်း |
|---|---|---|---|
| ၁ | မဖြူဖြူဝင်း (၁) | ၁၁၄၀၀၀ိ/- | ၁၁၄၀၀၀ိ/- |
| ၂ | မဖြူဖြူဝင်း (၂) | ၁၁၄၀၀၀ိ/- | ၁၁၄၀၀၀ိ/- |
| ၃ | မချိုချိုစန်း | ၅၄၅၀၀ိ/- | ၅၄၅၀၀ိ/- |

ဤဆုံးဖြတ်ချက်သည်အထက်တွင် ဖော်ပြထားသည့်နေ့ရက်မှစ၍ အာဏာတည်စေရမည်။

အထက်ပါဆုံးဖြတ်ချက်အရ ပေးရန်တာဝန်ရှိသည့်ငွေများကို ရက်ပေါင်း ၃၀ အတွင်း ပေးရမည်။

1/6/16 | | 1.6.2016
---|---|---
ဦးငွေအောင် | ဦးအောင်စံတင် | ဒေါ်စန်းစန်းဦး
အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင်